# စော Andrew Lin

**(နိုဝင်ဘာ ၁၂၊ ၁၉၉၄ – ဇန်နဝါရီ ၂၆၊ ၂၀၀၈)**



စော Andrew Lin သည် မိဘနှစ်ပါးဖြစ်ကြသော Ron Lin နှင့် Moo Lah တို့မှဖွါးမြင်သော သားသမီး(၇)ဦး အနက် (၄) ယောက်မြောက်သော သား တဦး ဖြစ်ပါသည်။ မြန်မာပြည် ကရင်ပြည်နယ် လှိုင်းဘွဲ့ မြို့နယ်တွင် နေ ထိုင်ခဲ့စဉ် စစ်အစိုးရ၏ ဖိနှိပ်မှုတို့ကြောင့် (၁၉၉၉) တွင် မြန်မာ–ယိုးဒယားနယ်စပ်သို့ ထွက်ပြေးတိမ်း ရှောင်ခဲ့ ရပါ သည်။ ကရင်လူမျိုးတို့သည် နှစ်ပေါင်း (၅၀)ကျော်တိုင်တိုင် မြန်မာစစ်အစိုးရ၏ ဖိနှိပ်မှုကိုခံနေရသော တိုင်းရင်းသား လူမျိုးစုများထဲမှ လူမျိုးစုတစုဖြစ်ပါသည်။ မယ်လ ခေါ်ဒုက္ခသည်စခန်းတွင် (၈)နှစ်တိုင်နေထိုင်ပြီးမှ Sept. 11, 2007 ခုနှစ်တွင် သားသမီးများ၏ ရှေ့ရေးအတွက်မျှော်လင့်ချက်ဖြင့် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။

မိဘတို့၏ပြောဆိုချက်အရ Andrew သည် လူကြီးများတို့၏စကားကို အမြဲနားထောင်လိုက်နာ သူတဦးဖြစ်ပြီး သူတပါးကို ခက်ခဲမှုဖြစ်အောင် မည် သည့်အခါမှ မပြုလုပ်ခဲ့ပေ။ ၄င်းမှာ ဘုရားသခင်ကပေးသော ဆုလာဘ်တပါး ဖြစ်ပါ သည်။ ပညာရေး၌ လည်း ထူးချွန်သူတဦးဖြစ်လျက် ဆရာ၊ဆရာမတို့၏ ချီးမြှင့်ခြင်းကိုခံရပါသည်။ Pheonix မြို့ Simpson School မှ Science ဆရာ မဖြစ်သူ Mrs. Winters ကပြောသည်မှာ "Andrew သည် ယဉ်ကျေးတည်ငြိမ်သောလူငယ်လေးတဦးဖြစ်၍ သူ၏ ပြုံးပြသောအမူ အရာ ဖြင့် အတန်းကိုသာယာစေကာ စာသင်သူများအားလုံးကို ပျော်ရွှင်စေပါသည်။ ဘာသာစကားကွဲပြား မှု ရှိသော်ငြားလည်း Andrew သည် လူမှု ဆက်ဆံရေးတွင် အတား အဆီးမဖြစ် အောင်အင်မ တန်ကြိုးစားခဲ့ပါသည်။" Meh Lah Camp တွင်ပညာသင်ကြားစဉ် ထူးချွန် မှု ရှိသောကြောင့် စာသင်နှစ်တနှစ်ကို ကျော်ရန်အခွင့် ရခဲ့သည်။ သီချင်းသီဆိုခြင်း၊ ပန်းချီ ဆွဲခြင်းတို့ကို ဝါသနာပါခဲ့သည်။ သီချင်းစာသားများ့ကို လည်း အင်္ဂလိပ်–မြန်မာ–ကရင် ဘာသာတို့ဖြင့် သီဆိုလျက် အလွယ်တကူကျက်မှတ်နိုင် သည်။ Andrew အမြဲသီဆိုနေကြ သီချင်းတပုဒ်မှာ "Jesus Loves Me This I Know" ဖြစ်ပါသည်။ မိသားစုဝင်များသော စစ်ပြေးကရင်ဒုက္ခသည်များအတွက် ကလေး ကစားစရာ တို့မှာ အလွန်ရခဲလှပါသည်။ ဖခင်ဖြစ် သူသည် သား Andrew အတွက် Roller Skate ဝယ်ပေးသောနေ့ကိုဘယ်တော့မှ Andrew မမေ့ပျောက်နိုင်ပါ။ သူ့အ တွက် အ ပျော်ဆုံးနေ့တနေ့ ပင်ဖြစ်ပါသည်။

Andrew ၏ မိသားစုသည် ခက်ခဲစွာဖြင့် အမြဲနေထိုင် လာခဲ့ရပါသည်။ မိခင်ဖြစ်သူသည် Andrew ကို ကိုယ်ဝန်ရှိစဉ်တွင် စားဝတ်နေရေး ခက်ခဲမှုများနှင့် များစွာကြုံတွေ့ခဲ့ရပါသည်။ စစ်အစိုးရ၏ ဖိနှိပ်မှုကြောင့် အလွန်ဆင်းရဲခြင်း ဒဏ်၊ မတရားဖမ်းဆီး ခံရခြင်းဒဏ်များ၊ ကြိမ်ဖန်များစွာခံခဲ့ရပြီးလျှင် Andrew ၏ မိသား စု သည်၊ သူ၏ အသက်(၅)နှစ်အရွယ်၌ ရွာကိုစွန့် ၍နယ်စပ်သို့ထွက်ပြေးတိမ်းရှောင်ရပါသည်။ ခက်ခဲခြင်း ဆင်းရဲမှု အမျိုးမျိုးတို့ကြားမှ ကြီးပြင်း လာခဲ့ရ သော်လည်း Andrewသည့် အမြဲဝေငှပေးကမ်း သူဖြစ်ပါသည်။ မြန်မာပြည်တွင် နေထိုင်စဉ် စား ဝတ်နေရေးခေါင်းပါးမှုအချိန်နှင့် တွေ့ဆုံခဲ့စဉ်ခိုက် မိမိ၏ ညီအစ် ကို မောင်နှမများအား ဦးစီးပေး ၍ အငတ်ပင်ခံခဲ့သည်။ ရန်လိုပြုခံရ ခြင်းပြဿနာများနှင့် ကြုံတွေ့ ရလဲ ပြန်လည်တုံ့ပြန်မှု ကလဲ့ စားချေ ပ မှုများတို့ ကိုရှောင် ရှားခဲ့ပါသည်။ မိမိ၏မိတ်ဆွေများတို့ကို လည်းလူမျိုးဘာသာမခွဲခြားဘဲ အားလုံးကို တပြေး တညီတည်း ချစ်ခင် ပေါင်းသင်း ဆက်ဆံ ခဲ့ပါသည်။

January 25th, 2008 တွင်ကျောင်းမှအိမ်သို့ပြန်စဉ်တွင် ယာဉ်တိုက်မှုကြောင့် ခေါင်းတွင်ပြင်းထန်စွာ ဒဏ်ရာရ၍ ခရစ်တော်၌အိပ်ပျော်ခဲ့ရပါသည်။ အဆုံးခန်းတိုင် ပေးကမ်းစွန့်ကြဲလျက် မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများတို့ကို သူတပါး အသက်ဆက်ရှင်နိုင်စေရန်အတွက် လှူဒါန်းခဲ့ပါသည်။

Andrew သည် အရွယ်ရောက်ခဲ့သည်ရှိသော် ဓမ္မဂေလိတရားဟောဆရာတဦးဖြစ်လိုသည်ဟု မိခင် ဖြစ်သူက ဝမ်းနည်းစွာဖြင့် ပြောပြပါသည်။ Andrew ၏မိသားစုကို ကူညီ ရန်အတွက်လည်းကောင်း၊ Andrew ၏သာသနာပြုလိုသော စိတ်ဆန္ဒပြည့်ဝရေးအတွက်လည်းကောင်း အလှူငွေအားဖြင့် ပါဝင်နိုင် ရေး အတွက် စီစဉ် ထား ပါ သည်။ ယနေ့ Andrew ၏မိဘနှစ်ပါးအနေဖြင့် မိတ်ဆွေများအားလုံးကို၊ မြန်မာပြည်နယ်စပ်၌ ခက်ခဲစွာဖြင့် နေထိုင်လျက်ရှိနေကြ သောသူများ အခြေအနေကိုလည်း ကောင်း၊ အသစ်ပြောင်းလဲမှုများ နှင့် ကြုံတွေ့လျက်ရှုန်းကန်နေကြသော အမေရိကန်နိုင်ငံရောက် ကရင်ဒုက္ခသည်များ အခြေအနေကိုလည်းကောင်း၊ ကိုယ်ချင်းစာ စိတ်ဖြင့်နားလည်သိစေလိုပါသည်။ ဤခက်ခဲမှု(၂)ခုစလုံးကို Andrew ၏မိသားစုသည် ရင်ဆိုင်ရ ပါသည်။ သို့ သော် အဓိကအနေဖြင့် မိဘနှစ်ပါးက မိတ်ဆွေများတို့ကို ဖေါ်ပြ လိုသည့် အရာမှာ Andrew ၏ဘဝနေထိုင်မှုမှသင်ခန်းစာယူပြီး ခက်ခဲ မှု၊ နာကြင်မှု ကြားမှပင် လျှင်သူတပါးအတွက် မေတ္တာတရားဝေငှမှု၊ ပေးကမ်းစွန့် ကြဲမှုတို့ကို ပြုလုပ်နိုင်ပါကြောင်း ဖြစ်ပါသည်။

*အောက်မေ့ဘွယ်အလှူအကြောင်းအရာ*

အလှူငွေများကို **"The Andrew Lin Memorial Fun"** အမည်ဖြင့် မည်သည့် Bank Of America တွင်မဆိုပေး ပို့နိုင်ပါသည်။

(သို့မဟုတ်)

အောက်ပါလိပ်စာအတိုင်းပေးပို့ပါရန် –

Attention: The Andrew Lin Memorial Fund
St. Jerome School
10815 North 35th Avenue
Phoenix, AZ 85029

*အောက်မေ့ဘွယ်ဝတ်ပြု စည်းဝေး*

ဖေဖော်ဝါရီလ ၉ ရက် ၂၀၀၈ (စနေနေ့) နံနက် ၁၁း၀၀ နာရီ
နေရာ - Community Church of Joy
21000 N. 75th Avenue, Glendale, AZ 85308

*ဝတ်ပြု စည်းဝေးပြီးလျှင်၊ ကျန်ရစ်သောပြာကိုမြေသို့အပ်နှံပါမည်။*

နေရာ - Desert Hills Memorial Park
6500 E. Bell Road, Scottsdale, AZ 85254

*ပြာကိုမြေသို့အပ်နှံပြီးလျှင်၊ ညစာခံ ကျွေးမွေးပွဲသို့ ကြွရောက်ပါရန် –*

နေရာ - Community Church of Joy